
# "ကွန်ကရစ်လောင်းခြင်း"

ကျန်းမာရေးနှင့်ဘေးကင်းရေးအချက်များ

## သန့်ရှင်းရေး၊ထုတ်ယူခြင်းအလုပ်နှင့်ဆိုင်သောသတိပြုရန်အချက်

### (၁)သယ်ဆောင်ရေးပိုက်များကိုသန့်ရှင်းရေးလုပ်နည်းနှင့်သတိပြုရန်အချက်


ပိုက်များကိုသန့်ရှင်းရေးလုပ်ခြင်းတွင်ရေဖြင့်ဆေးခြင်း၊လေဖြင့်ဆေးခြင်းဟူ၍နည်းလမ်းနှစ်မျိုးရှိသည်။လေဖြင့်ဆေးခြင်းတွင်ဖိအားသုံး၍လေကိုဖြတ်သန်းစီးဆင်းစေသောကြောင့်၊အန္တရာယ်ဖြစ်နိုင်ချေများသဖြင့်ရေဖြင့်ဆေးခြင်းကိုသာလုပ်ဆောင်ပါ။




လေသုံး၍သန့်ရှင်းစဉ်ဖိအားပေးထားသောလေကြောင့်ပေါက်ကွဲမှုဖြစ်ပေါ်ပုံ

## (၂)ပိုက်မှပိုက်ဆက်ကိုဖြုတ်၍ဆေးကြောပါ

ပိုက်အတွင်းပိုင်းဆေးကြောစဉ်၊လုံခြုံရေးအတွက်ပိုက်ဆက်ကိုဖြုတ်ပြီးမှဆေးကြောကိရိယာကိုတပ်ဆင်ပြီးဝိုင်ယာ၊ချိန်းကြိုးစသည်တို့ဖြင့်ထိန်းကြပ်ပြီးမှလုပ်ဆောင်ပါ။




ပိုက်ဆက်ဖြုတ်ခြင်းနှင့် ဆေးကြောကိရိယာတပ်ဆင်ခြင်း



ဆေးကြောကိရိယာလက်ခံအပိုင်း

## (၃)သယ်ယူပို့ဆောင်ရေးပိုက်၏အဆုံးတွင်ပိုက်ကောက်များမသုံးရ


ဆေးကြောခြင်းလုပ်ငန်းတွင်သယ်ယူပို့ဆောင်ရေးပိုက်၏အဆုံးတွင်ပိုက်ကောက်များအသုံးပြုပါကပိုက်ထိပ်ပိုင်းရှိသန့်ရှင်းရေးကိရိယာကန်ထွက်လာခြင်းကြောင့်ထိတ်လန့်မှု၊သယ်ယူပို့ဆောင်ရေးပိုက်ခေါက်သွားခြင်းစသည့်အန္တရာယ်များဖြစ်ပေါ်တတ်သဖြင့်အသုံးမပြုရ။




ပိုက်ထိပ်ပိုင်းတွင်ပိုက်ကောက်သုံးခြင်းကြောင့်ဖြစ်ပေါ်လာသောအန္တရာယ်

## (၄)မွှေစက်ကိုသန့်ရှင်းရေးလုပ်စဉ်သတိထားရမည့်အချက်

မွှေစက်ကိုသန့်ရှင်းရေးလုပ်စဉ်၊သေချာပေါက်မွှေသည့်အသွားလည်ပတ်ခြင်းကိုသေချာပေါက်ပိတ်ထားပြီးမှလုပ်ဆောင်ပါ။၎င်းကိုမပိတ်ထားမိပါကလက်၊ခြေထောက်များညပ်တတ်ပြီးကြီးမားသောအနာတရဖြစ်ခြင်း၊သေဆုံးခြင်းများပင်ဖြစ်သေနိုင်သည်။







မွှေစက်ထဲညှပ်မိသည့်အန္တရာယ်ဥပမာ

## (၅)အရေးပေါ်အခြေအနေတွင်လုပ်ဆောင်ရမည့်အချက်

မွှေစက်၏အသွားတွင်လူညပ်သည့်ကိစ္စများဖြစ်ပေါ်လာပါကထိုဖြစ်ပျက်နေစဉ်မြင်တွေ့သူသည်အရေးပေါ်ခလုတ်နှိပ်ခြင်းဖြင့်စက်လည်ပတ်ခြင်းကိုရပ်တန့်စေနိုင်သည်။ထိုအရေးပေါ်ခလုတ်သည်မွှေစက်၏ဘေး မျက်နှာပြင်တွင်ရှိသည်။




အရေးပေါ်အခြေအနေတွင်နှိပ်ရမည့်ခလုတ်



အလိုလျောက်ပိတ်သည့်နေရာ

## (၆)စလင်ဒါဆေးကြောချိန်သတိပြုရမည့်အချက်

ကွန်ကရစ်ပိုက်အဆို့ရှင်အားဆေးကြောစဉ်၊ချွတ်ယွင်းမှုကြောင့်မတော်တဆမှုများကိုကာကွယ်ရန်၊မဖြစ်မနေအင်ဂျက်စက်အားပိတ်၍၊အဝေးထိန်းကိရိယာကိုခန္တာကိုယ်နှင့်ဝေးသောနေရာတွင်ထားရှိပါ။
ထို့အပြင်ပြွန်တပ်ဆင်ထားသောကွန်ကရစ်စုပ်စက်၏စလင်ဒါပိုက်ထဲသို့လက်မထည့်ရ။လက်ထည့်မည်ဆိုပါက၊အဆို့ကိုချွတ်ယွင်းပျက်စီးစေပြီးအဆို့ရှင်ကိရိယာမှလက်သို့မဟုတ်လက်ချောင်းများကိုညှစ်ထားသောကြောင့်ပြင်းထန်သောဒဏ်ရာဖြစ်စေတတ်သည်။ထို့ကြောင့်ကွန်ကရစ်စလင်ဒါထဲသို့လက်ထည့်၍ဆေးကြောခြင်းများမပြုပဲ၊ဆေးတံအချောင်းများ(သို့)ရေဖိအားပြင်းပြင်းဖြင့်ဆေးခြင်းများဖြင့်သာဆေးကြောသင့်သည့်။



စလင်ဒါအတွင်းလက်ထည့်၍ဆေးခြင်းကြောင့်ဖြစ်ပေါ်တတ်သောအန္တရာယ်

## (၇)ဘိလပ်မြေအရောကားလုပ်ငန်းနှင့်ပတ်သတ်သောသတိပြုရမည့်အချက်


ဘိလပ်မြေအရောကားတွင်ကျန်ရှိနေသောဘိလပ်မြေကိုရေဖြင့်ဆေးကြောရင်းထုတ်ရာတွင်ဘိလပ်မြေကားမွှေစက်လည်ပတ်၍ကားပေါ်မှပြုတ်ကျခြင်းအန္တရာယ်ကိုကာကွယ်ရန်လုံခြုံရေးခါးပတ်ကိုသေချာဝတ်ဆင်ပြီးမှလုပ်ဆောင်ပါ။



ထရပ်ကားပေါ်မှပြုတ်ကျခြင်းအန္တရာယ်ဥပမာ

## (၈)ကွန်ကရစ်မွှေကားလမ်းကြောင်းနှင့်သတိပြုရန်အချက်

လုပ်ငန်းခွင်၏ဆိုဒ်ပတ်ဝန်းကျင်နှင့်ကုမ္ပဏီပတ်ဝန်းကျင်တွင်၊ပစ္စည်းများသည့်နေရာ၊မြင်ကွင်းမကောင်းသောနေရာ၊ကျဉ်းမြောင်းသောနေရာမျိုးတွင်ဘိလပ်မြေကားကိုသတိပြု၍ယာဉ်အန္တရာယ်ကိုမဖြစ်ခင်မှကြိုတင်ကာကွယ်ပါ။



ကုမ္ပဏီ၏ကားပါကင်တွင် ကွန်ကရစ်စုပ်စက်ထရပ်ကားကြောင့် ဖြစ်ပွားခဲ့သောယာဉ်မတော်တဆမှုဥပမာ